(၁) **Head of Finance တာဝန်မှ နုတ်ထွက်ခြင်း နှင့် တာဝန်ခန့်အပ်ခြင်း**

(၂) **Head of Corporate Affairs တာဝန်ခန့်အပ်ခြင်း**

## (၁) Head of Finance တာဝန်မှ နုတ်ထွက်ခြင်း နှင့် တာဝန်ခန့်အပ်ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("**ကုမ္ပဏီ**" နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "**ကုမ္ပဏီအုပ်စု**") ၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ Head of Finance အဖြစ် တာဝန်ယူထားသည့် ဒေါ်ခင်ရည်မွန်ဝင်းသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှ စတင်၍ အလုပ်တာဝန်မှ နုတ်ထွက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ ဒေါ်ခင်ရည်မွန်ဝင်း၏ Head of Finance အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတွင်း တန်ဖိုးမဖြတ်နိုင်သော လုပ်ဆောင်မှုများအတွက် အထူးကျေးဇူးတင်ရှိကြောင်း ဒါရိုက်တာအဖွဲ့မှ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ Head of Finance အဖြစ် တာဝန်ထမ်းဆောင်ရန် ဦးမျိုးမြင့်အောင်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ စတင်၍ ခန့်အပ်ကြောင်း ကြေညာအပ်ပါသည်။ ဦးမျိုးမြင့်အောင်သည် လက်ရှိတွင် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Memories Group Pte. Ltd. (ယခင် Memories Group Limited) တွင် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်၍ Acting Group Financial Controller အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစတင်၍ Group Financial Controller အဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ရာ ယခု တာဝန်ယူ ဆောင်ရွက်မည့် ကုမ္ပဏီ၏ Head of Finance တာဝန်များနှင့် အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးမျိုးမြင့်အောင်သည် Myanmar Thilawa SEZ Holding Public Limited နှင့် Myanmar Japan Thilawa Development Limited တို့တွင် Head of Finance / Chief Financial Officer အဖြစ် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လအထိ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ယင်းမတိုင်မီ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ အထိ Finance Manager အဖြစ် Unimatec Singapore Pte. Ltd. တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးမျိုးမြင့်အောင်သည် Institute of Singapore Chartered Accountants နှင့် Association of Chartered Certified Accountants ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဦးမျိုးမြင့်အောင်၏ သက်တမ်းကြာမြင့်စွာတာဝန်ထမ်းဆောင်ခဲ့သော သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ သက်ဆိုင်ရာ အရည်အချင်း နှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် ကုမ္ပဏီ၏ Head of Finance တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် လိုအပ်သောအတွေ့အကြုံနှင့် စွမ်းဆောင်ရည်များ ရှိသည်ဟု သုံးသပ်၍ တာဝန်ပေး ခန့်အပ်ခဲ့ပါသည်။

(၂)	**Head of Corporate Affairs တာဝန်ခန့်အပ်ခြင်း**

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ Head of Corporate Affairs အဖြစ် တာဝန်ထမ်းဆောင်ရန် ဒေါ်ခိုင်သဉ္ဇာဦးအား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ စတင်၍ ခန့်အပ်ကြောင်း ကြေညာအပ်ပါသည်။ ဒေါ်ခိုင်သဉ္ဇာဦးသည် Yoma Group တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ မှစတင်ကာ တာဝန်အဆင့်အမျိုးမျိုးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်ပြီး ကုမ္ပဏီအုပ်စု ၏ အိမ်ခြံမြေလုပ်ငန်းဖြစ်သော Yoma Land တွင် Head of Property Affairs အဖြစ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ဒေါ်ခိုင်သဉ္ဇာဦးသည် National Management Degree College (NMDC), Yangon မှ ပေးအပ်သော Bachelor of Arts (English for Professional Purposes) နှင့် University of Thai Chamber of Commerce (UTCC) မှ ပေးအပ်သော MBA in International Business Management တို့အား ရရှိထားသူ တစ်ဦးလည်းဖြစ်ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဒေါ်ခိုင်သဉ္ဇာဦး၏ သက်တမ်းကြာမြင့်စွာတာဝန်ထမ်းဆောင်ခဲ့သော သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ သက်ဆိုင်ရာ အရည်အချင်း နှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် ကုမ္ပဏီ၏ Head of Corporate Affairs တာဝန် ဝတ္တရားများကို ဆောင်ရွက်ရန် လိုအပ်သောအတွေ့အကြုံနှင့် စွမ်းဆောင်ရည်များ ရှိသည်ဟု သုံးသပ်၍ တာဝန်ပေး ခန့်အပ်ခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်အရာရှိချုပ်
၂၀၂၅ ခုနှစ် ၊ မတ်လ (၂၁) ရက်

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm